# ဝါတွင်းကာလ တတိယတနင်္ဂနွေနေ့

ရှင်လုကာ ၁၃း၁-၉

ယနေ့ဖတ်ရတဲ့ ရှင်လုကာ ၁၃ မှာ လူတွေက ယေဇူးဘုရားရှင်ကို လာပြောကြတယ်၊ ပီလာတူးမင်းက ဂါလေလီယာနယ်သားအချို့ရဲ့သွေးကို သူတို့ရဲ့ပူဇော်သက္ကာနဲ့ရောနှောလို့ ဂါလေလီယာနယ်သားတချို့ သေခဲ့ရတယ်ဆိုတဲ့အကြောင်း၊ စီလိုအမ်ရဲတိုက်ပြိုကျလို့ ယေရုဆလင်မြို့သားတချို့ သေခဲ့ရတယ်ဆိုတဲ့အကြောင်း ပြောပြကြတယ်။ လူတွေရဲ့အယူအဆက အခုလို ကံကြမ္မာဆိုးနဲ့ ကြုံတွေ့ရတာကတော့ အဲဒီလူတွေက အပြစ်ရှိလို့ ဘုရားက ဒဏ်ခတ်တာပဲလို့ ထင်နေကြပါတယ်။

ဒါပေမဲ့ ယေဇူးဘုရားရှင်က ပြန်ပြီးမိန့်တော်မူတာက "ဂါလေလီယာနယ်သားတွေ အဲ့လိုသေကြေပျက်စီးကြလို့ သူတို့ဟာ အခြားသောဂါလေလီယာနယ်သားတွေထက် ပို၍အပြစ်ကြီးသူများ ဖြစ်တယ်လို့ သင်တို့ ထင်မှတ်ကြသလော။ ဤကဲ့သို့မဟုတ်ဟု သင်တို့အား ငါဆို၏။ သို့သော် သင်တို့သည် နောင်တမရကြလျှင် သင်တို့အားလုံးသည်လည်း ထိုနည်းအတူ ပျက်စီးကြလိမ့်မည်။" ဆိုလိုတာကတော့ လူသေတာက တကယ့်ပျက်စီးခြင်း မဟုတ်ပါဘူး။ တကယ့်ပျက်စီးခြင်းဆိုတာက သင်တို့ နောင်တမရကြတဲ့အခါမှ တကယ့်ပျက်စီးခြင်းဖြစ်တာပါ။ ကျနော်တို့ မြေစာပုံပြိုကြလို့ လူတွေသေကြတယ်။ ဆူနာမီဖြစ်လို့ လူတွေသေကြတယ်။ ကိုဗစ်ဖြစ်လို့ လူတွေသေကြတယ်။ကားမှောက်လို့ လူတွေသေကြတယ်။ ဒါတွေက ဘုရားကလုပ်တာမှ မဟုတ်တာပဲ။ ဒီလိုကံကြမ္မာဆိုးတွေနဲ့ သေရတာကလည်း ဘုရားက ဒဏ်ခတ်တာ မဟုတ်ရပါဘူး။ အဲ့လိုကံကြမ္မာဆိုးတွေ ကြုံတွေ့ရတာက တကယ့်ပျက်စီးခြင်း မဟုတ်ပါဘူး။ နောင်တမရကြမှသာ တကယ့်ပျက်စီးခြင်း ကြုံတွေ့ရမှာပါ။

ဒါကြောင့် ယေဇူးဘုရားရှင်က "ထို့အတူ စီလိုအမ်ရဲတိုက်ပြိုကျ၍

သေဆုံးသူ (၁၈)ယောက်တို့သည် ယေရုဆလင်မြို့တွင်နေထိုင်ကြသော အခြားသူများထက် အပြစ်ကြီးသည်ဟု သင်တို့ထင်မှတ်ကြသလော။ ထိုသို့မဟုတ်ဟု သင်တို့အားငါဆို၏။ သို့သော် သင်တို့သည် နောင်တမရကြလျှင် သင်တို့အားလုံးသည်လည်း ထိုနည်းတူ ပျက်စီးကြရလိမ့်မည်” လို့ မိန့်တော်မူပါတယ်။

လူဆိုတာက သေမျိုးပါပဲ။ တနေ့သေရမယ်။ ကျနော်တို့ရဲ့ရည်ရွယ်ချက် ပန်းတိုင်က သေဖို့မဟုတ်ပါဘူး။ ထာဝရအသက်ရှင်ဖို့ပါပဲ။ထာဝရကောင်းကင်ဘုံပါပဲ။ ဒါပေမဲ့ ပထမ မသေပဲနဲ့ ဘယ်လိုလုပ် ထာဝရအသက်ရမှာလဲ။ မသေပဲနဲ့ ဘယ်လိုလုပ် ကောင်းကင်ဘုံရောက်မှာလဲ။ တစ်ချို့ခရစ်ယာန်တွေရဲ့ဝိညာဉ်ရေး ကျနော်နားမလည်နိုင်တော့ဘူး၊ သေမှာအလွန်အမင်း ကြောက်ကြတယ်၊ သေသွားတဲ့လူအတွက် အလွန်အမင်း ဝမ်းနည်းကြတယ်လေ၊ သူတို့ကြည့်ရတာ ကောင်းကင်ဘုံက ကျနော်တို့ရဲ့ပန်းတိုင် မဟုတ်တဲ့အတိုင်းပဲ။ ဒါဆို ငါတို့အားလုံး မနက်ဖြန် သေကြစို့လား၊ အဲဒီလိုလည်း ဆန္ဒစောစရာ မလိုပါဘူး။ တချို့လူတွေ အသက်တိုကြတယ်၊ တချို့လူတွေက အသက်ရှည်ကြတယ်။ ဘာပဲဖြစ်ဖြစ် ဘုရားပေးတဲ့အသက်တာကို အကျိုးရှိအောင် နေကြရမှာက ကျနော်တို့ရဲ့ တာဝန်ပါပဲ။

ယနေ့ ဖတ်ရတဲ့ ဧဝံဂေလိကျမ်းမှာ ယေရှုဘုရားရှင် မိန့်တော်မူတဲ့ ဥပမာပုံပြင်ထဲမှာ ဥယျာဉ်ပိုင်ရှင်က အသီးမသီးတဲ့ သဖန်းပင်ကို ခုတ်ပစ်လိုက်လို့ ခိုင်းပေမဲ့ အလုပ်သမားကတော့ မျှော်လင့်ချက်ကြီးကြီးနဲ့ ပြန်ပြောလိုက်ပါတယ်။ “သခင်၊ ယခုနှစ်တွင်လည်း ဤအပင်ကို မခုတ်ပါနှင့်။ အကျွန်ုပ်သည် အပင်ပတ်လည်၌တူးဆွ၍ မြေဩဇာထည့်ပါမည်။ နောင်နှစ်တွင် အသီး သီးကောင်းသီးပါလိမ့်မည်။ ထိုသို့ မသီးလျှင်မူ သခင်သည် ၎င်းကို ခုတ်ပစ်နိုင်ပါသည်” လို့

ပြန်ပြောလိုက်ပါတယ်။ ဒီလိုပါပဲ သင့်ကို ကောင်းတဲ့အကျင့်သီလဆိုတဲ့ ကောင်းတဲ့အသီး သီးစေဖို့ ဘုရားက မျှော်လင့်ချက်ကြီးကြီးနဲ့ အချိန်ပေးထားပါတယ်။နောင်တရဖို့ အချိန်ပေးထားပါတယ်။ ဒါတင်မကဘူး။ မြေဩဇာထည့်တယ်၊ ရေလောင်းတယ်ဆိုတဲ့ ကျေးဇူးတော်တွေလည်း ပေးထားပါသေးတယ်။ ကျေးဇူးတော်တွေ ပေးထားပေမဲ့ / အခွင့်အရေး အချိန်တွေ ပေးထားပေမဲ့ အသီးမသီးရင်တော့ ခုတ်ပစ်ရမှာပါပဲ။ သခင်ယေရှုကို (၃၃)နှစ်ပဲ နေဖို့ အချိန်ပေးထားတယ်။ ပေးထားတဲ့အချိန်က သူ့အတွက် လုံလောက်ပါတယ်။ ကျနော့်ကို ၆၅ နှစ်ကျော်တဲ့အထိ အချိန်ပေးထားပါတယ်။ ကောင်းတဲ့အသီး သီးစေဖို့ အချိန်ပေးထားတာပါ။

ယနေ့ဖတ်ရတဲ့ ပထမကျမ်း ထွက်မြောက်ရာကျမ်း ၃ မှာ ဘုရားသခင်က မိုးဇယ်မှတစ်ဆင့် အီဂျစ်ပြည်မှာကျွန်ခံနေရတဲ့ အီဇရာအဲလ်လူမျိုးတွေကို ဘုရားရဲ့တန်ခိုး ကျေးဇူးတော်တွေနဲ့ လွတ်မြောက်စေတယ်။ ပင်လယ်ကြီးကို နှစ်ခြမ်းခွဲ၊ သဲကန္တာရကို ဖြတ်ပြီး ကတိထားတဲ့ ကာနန်ပြည်ကို ခေါ်ဆောင်သွားခဲ့တယ်။ သဲကန္တာရထဲမှာလည်း မန္နာမုန့်နဲ့ နေ့တိုင်း ကျွေးပြီးတော့ ကျောက်ထဲကထွက်တဲ့ရေနဲ့ အသက်ရှင်စေတယ်။ ဒီလို ကျေးဇူးတွေ အခွင့်အရေးတွေ ပေးထားပေမဲ့ တစ်ချို့ အီဇရာအဲလ်လူမျိုးတွေက အီဂျစ်ပြည်ကို ပြန်ပြီး ကျွန်ခံချင်ကြတဲ့သူက ရှိသေးတယ်။ ဒါကြောင့် တစ်ချို့ အီဇရာအဲလ်လူမျိုးတွေ ကာနန်ပြည်ကို မဝင်ရပဲ သဲကန္တာရထဲမှာပဲ သေကြေပျက်စီးခဲ့ကြရပါတယ်။

ကျနော်တို့ကို အသီးအပွင့်ဆိုတဲ့ ကောင်းကျိုးတွေ၊ တိုးတက်မှုတွေ ရှိစေဖို့ ဘုရားက အချိန်ပေးထားတယ်၊ အခွင့်အရေးတွေ ပေးထားတယ်၊ ကျေးဇူးတော်တွေ ပေးထားပါတယ်။ ဒါကြောင့် သင့်ဘဝအသက်တာက ကြာရှည်လာတာနဲ့အမျှ သင့်ဝိညာဉ်ရေးက တိုးတက်လာသင့်ပါတယ်။

အဲဒီလို မဟုတ်ပဲ အစပထမ ဆေးကြောခြင်းခံခဲ့တဲ့ အစဦးကတည်းကအခြေအနေအတိုင်းပဲ ဘာမျှ တိုးတက်မလာဘူးဆိုရင်တော့ သင် မှားနေပြီ။ သင့်ဝိညာဉ်ရေးကလည်း အစဦးက ရှိခဲ့တဲ့အခြေအနေအတိုင်း ယခုမှစ၍ ကမ္ဘာအဆက်ဆက်ရှိပါစေသော လို့ ဆိုရမည့်ပုံပေါက်နေပြီ။ ကျမ်းစာထဲမှာ ယေဇူးဘုရားရှင်က ဘယ်လိုတောင်းဆိုထားသလဲ။ "ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘသည် ကောင်းမွန်ပြည့်စုံတော်မူသည့်နည်းတူ သင်တို့သည်လည်း ကောင်းမွန်ပြည့်စုံခြင်း ရှိကြလော့" (မာတေဦး ၅း၄၈)

သင်ရဲ့ဝိညာဉ်ရေးဟာ ဘယ်လောက်တိုးတက်လာပြီလဲဆိုတာ ဘယ်လိုတိုင်းတာလို့ ရနိုင်မလဲ။ လွယ်ပါတယ်၊ သင်က သူတစ်ပါးကို ဘယ်လောက်ချစ်တတ်လာပြီလဲဆိုတာကိုသာ ကြည့်ရပါမယ်။ "သင်၏ဘုရားသခင်ကို စိတ်နှလုံးအကြွင်းမဲ့၊ ဉာဏ်စွမ်းရှိသလောက် ချစ်ရမယ်။ သူတစ်ပါးကိုလည်း ကိုယ့်ကိုယ်ကို ချစ်သလို ချစ်ရမယ်။" သင်ဟာ ဘယ်လောက်ကြာကြာ ဆုတောင်းသလဲ၊ ဘုရားကျောင်း ဘယ်နှစ်ခါတက်သလဲဆိုတာနဲ့ တိုင်းတာလို့ မရပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သင့်ဆုတောင်းခြင်းက ဘယ်လောက်အကျိုးသက်ရောက်မှု ရှိသလဲဆိုတာ စစ်ကြည့်ရပါအုံးမယ်။ သင့်ဘုရားကျောင်း ပုံမှန်တက်တာက ဘယ်လောက်အကျိုးသက်ရောက်မှု ရှိသလဲဆိုတာ စစ်ကြည့်ရမယ်။ ဘယ်လိုစစ်ကြည့်ရမှာလဲ၊ ဘုရားကျောင်းဆင်းလို့ အိမ်ပြန်ရောက်တဲ့အခါ သူတစ်ပါးတွေကို ဘယ်လောက်ချစ်တတ်လာပြီလဲဆိုတာ ကြည့်ရုံနဲ့ သိသာပါတယ်။

ဒါကြောင့် ဘုရားက သင့်ကို အချိန်ပေး/ ကျေးဇူးတော်ပေးထားတာက သင်ကိုယ်တိုင် ကောင်းမွန်ပြည့်စုံလာစေဖို့ပါ။ သင်ကိုယ်တိုင် ချစ်တတ်လာစေဖို့ပါ။ သင်ကိုယ်တိုင် ဘုရားရဲ့သားသမီး ပီသလာစေဖို့ပါပဲ။ နားဆင်သူအားလုံးအပေါ် ဘုရားသခင့်